အခုဆိုရင် ကျနော်တို့ဟာ လူအုပ်ရှေ့မှာထပြီး ရှင်းလင်းတင်ပြဖို့ ကိုယ့်ကိုယ်ယုံကြည်မှု ရှိလာပါပြီ။ အရင်ကတော့ အဲလိုအတွေ့အကြုံမျိုး တစ်ခါမှမရှိခဲ့ဖူးဘူး။ အခုတော့ အပြန်အလှန်သင်ယူမှုရဲ့ အကျိုးကျေးဇူးကို နားလည်သွားပါပြီ။

*သက်ရှယ်ဆင့်တူအသိပညာပေးသင်တန်းဆင်း အမျိုးသားတစ်ဦး*



ကျွန်ုပ်တို့၏လုပ်ငန်းကို အောက်ပါမူများအပေါ် အခြေခံထားပါသည်-

- မိမိတို့၏ လက်တွဲလုပ်ကိုင်မှုများအတွင်း အပြန်အလှန်တာဝန်ခံရေး
- အဓိကပတ်သက်သူများအတွက် အထက်မှအောက်သို့တာဝန်ခံရေး
- ဘေးထွက် ဆိုးကျိုးများ မပြုလုပ်ရေး (Do No Harm)
- လေ့ကျင့်မှုနှင့် သက်ရှယ်ဆင့်တူအသိပညာဖလှယ်ခြင်းမှ တစ်ဆင့် လေ့လာသင်ယူခြင်း ဖြစ်မြောက်စေရေး နှင့် အားပေးမြှင့်တင် ရေး
- ဒေသရှိ အရင်းအမြစ်များနှင့် ဒေသခံပိုင်ဆိုင်မှုတို့ ရေရှည်တည်တံ့ရန် အားပေးမြှင့်တင်ရေး
- လက်တွေ့အထောက်အထားများကိုအခြေခံပြီး သက်ဆိုင်သူများအား လုံးပါဝင်သော မူဝါဒပိုင်းတွေ့ဆုံဆွေးနွေးမှုကို ဖြစ်ပေါ်လာစေရန်
- ဒေသခံအနေအထားနှင့်ကိုက်ညီအောင် မွမ်းမံထားကာ လက်တွေ့စမ်းသပ်ထားပြီး အသုံးပြုရလွယ်ကူသည့် သတင်းအချက်အလက်များပေးခြင်း



## အမြန်သိနိုင်ရန်အချက်များ

| | |
|---|---|
| **တည်နေရာ** | မကွေးတိုင်းဒေသကြီး၊ ချောက်သွေ့ရပ်ဝန်း၊ မြန်မာနိုင်ငံ |
| **စီမံချက် စတင်သည့်အချိန်** | ၂၀၁၄ ဇန်နဝါရီ |
| **လက်ရှိစီမံကိန်းအဆင့်** | **စီမံကိန်း**အဆင့် ၁ (၂၀၁၄-၂၀၁၇) |
| **လက်ရှိအဆင့်အတွက်ဘတ်ဂျက်** | တစ်နှစ်လျှင် ခန့်မှန်းခြေ ဒေါ်လာ ၂၅၀,၀၀၀-၄၅၀,၀၀၀ |
| **အဓိကမိတ်ဖက်အဖွဲ့အစည်းများ** | ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန<br>Network Activities Group<br>François-Xavier Bagnoud (FXB) |
| **အဓိကအလှူရှင်များ** | HELVETAS Swiss Intercooperation<br>HAPPEL Foundation |

HELVETAS Swiss Intercooperation Myanmar
+95 (0) 1 122 3144
myanmar@helvetas.org
www.helvetas.org/myanmar

HELVETAS Swiss Intercooperation | MYANMAR

## ခြုံငုံသုံးသပ်ချက်

'ပြည်သူလူထုဗဟိုပြု' တစ်နိုင်ငံလုံးဆိုင်ရာ "ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်" တစ်ခုကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေဖွံ့ဖြိုးရေး ဝန်ကြီးဌာန (M o L F R D )၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်နေပါသည်။ အမျိုးသား ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာတွင် အမျိုးသားအဆင့်ရပ်ရွာ လူထုဦးဆောင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း (CDDP) စမ်းသပ်အစီအစဉ်ပါဝင်ပြီး ရပ်ရွာလူထု၏ လိုအပ်ချက်များကို အခြေခံသည့် စီမံချက်များရေးဆွဲခြင်းနှင့် ရပ်ရွာလူထုဦးဆောင်ပြီး ဦးဆောင်ဦးရွက်ပြုလာအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ထောက်ပံ့ပေးလျက်ရှိပါသည်။ S4RLD စီမံကိန်းမှ ထိုလုပ်ငန်းများ၏ ဦးတည်ချက်များနှင့် နည်းစနစ်ပိုင်းများ တွင်ဖြည့်ဆည်း ပံ့ပိုးသွားမည် ဖြစ်ပါသည်။

လက်ရှိဖြစ်ပေါ်နေသော လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးများ၏ အကူးအပြောင်းကို စေ့စပ်ဆွေးနွေးနေစဉ်အချိန်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းသည် ရှိနေသည့်ကွာဟချက်များကို ပိုမိုဆိုးရွားမသွားစေရန်နှင့် ကွာဟချက်အသစ်များ မဖန်တီးမိစေရန် အရေးကြီးသည်။ အလုပ်သမားရွှေ့ပြောင်းမှု အပြောင်းအလဲများနှင့် နယ်စပ်ဖြတ်ကျော် ဒေသတွင်းကုန်သွယ်ရေးတို့သည် လူမှုဘဝစားဝတ်နေရေး ရွေးချယ်ခွင့်များကို သက်ရောက်မှုရှိနေသည့်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများမှာ ထင်ရှားနေပြီဖြစ်ပါသည်။ အာဆီယံစီးပွားရေးအသိုင်းအဝိုင်းသည် ဒေသခံပြည်သူများ၏ စွမ်းရည်များ၊ ကျွင်းကျင်မှုများနှင့် ဆွေးနွေးစေ့စပ်နိုင်စွမ်းတို့ကို စမ်းသပ်နေသလို ဆက်လက်၍လည်း စမ်းသပ်လိမ့်မည်ဖြစ်သည်။ အဆုံးအဖြတ်ပေးသူများနှင့် နိုင်ငံသားများတွင် ထိထိရောက်ရောက်ပါဝင်လုပ်ဆောင်နိုင်ရန် နှင့် ပြည့်စုံခြုံငုံသည့်ရွေးချယ်မှုများပြုလုပ်နိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များ၊ ဗဟုသုတများရရှိလာစေရန် သေချာအောင် ပြုလုပ်ပေးခြင်းသည် ဦးစားပေးကိစ္စဖြစ်ပါသည်။

နောက်ဆုံး အနေဖြင့် လူမှုဘဝ စားဝတ်နေရေး မြင့်မာလာစေရန်ပြုလုပ်ပေးခြင်းသာမက အိုးအိမ်များ၊ အလုပ်အကိုင်များ၊ ဝင်ငွေများ ရရှိစေရန်နှင့် ဒေသရှိ ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များလက်လှမ်းမှီလာစေရန် ဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးရေးနှင့် ပိုမိုလုံခြုံစိတ်ချရသည့်အနာဂတ် ပေါ်ထွန်းလာစေရန်အတွက် ပံ့ပိုးဆောင်ရွက်ပေးပါသည်။

FXB | NETWORK ACTIVITIES GROUP









# ကျေးလက် စားဝတ်နေရေးဖွံ့ဖြိုးရေးအတွက် ကျွင်းကျင်မှုများ (S4RLD)

## ချောက်သွေ့ရပ်ဝန်းရှိ လူငယ်အမျိုးသား အမျိုးသမီးများအတွက် လယ်ယာမြေအရည်အသွေးများနှင့် လယ်ယာမြေပြင်ပ အရည်အသွေးများဖွံ့ဖြိုးရေးနှင့် ဝင်ငွေရလမ်းများကို အားပေးမြှင့်တင်ခြင်း

"ကျမရဲ့ ငယ်ဘဝအိပ်မက်တစ်ခုကတော့ စက်ချုပ်တတ်အောင်သင်ဖို့နဲ့ ဖက်ရှင်ဒီဇိုင်နာဖြစ်ဖို့ပါ။ ကျမရဲ့ ဘဝပေး အခြေအနေတွေအရ အဲဒါဟာ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်တဲ့ စိတ်ကူးယဉ်အိပ်မက်သက်သက်ဘဲ ထင်ခဲ့မိတယ်။ ဒါပေမဲ့ အခုတော့ ဒီမှာရောက်နေပြီလေ။"

*မင်းလှမြို့နယ်မှ စက်ချုပ်သင်တန်းသူ*

"ကျနော်တို့ဆီကလူငယ်တွေကို သူတို့ကိုယ်သူတို့ တိုးတက်အောင်လုပ်နိုင်ဖို့ ဒီသင်တန်းတွေတက်ခိုင်းတယ်။ ဒါမှ ကျေးရွာဖွံ့ဖြိုးရေးမှာ သူတို့ တက်တက်ကြွကြွပါနိုင်မှာ။"

*မင်းလှမြို့နယ်မှ ကျေးရွာလူကြီးတစ်ဦး*

HELVETAS Swiss Intercooperation | MYANMAR

## အလုပ်ခွင်နှင့်ချဉ်းကပ်နည်းများ

ဟယ်လ်ဗီတာ့စ် မှ အဓိကကျသော လုပ်ခွင်နယ်ပယ်ငါးခု၌ အတတ်ပညာအကူအညီ နှင့် ဖွံ့ဖြိုးရေးအထောက်အကူ ပေးနေပါသည်-

ကျေးလက်စီးပွားရေး
ကျွမ်းကျင်မှု မြှင့်တင်ရေး နှင့် ပညာရေး
ရေနှင့် အခြေခံအဆောက်အအုံ
ပတ်ဝန်းကျင်ရေးရာနှင့် ရာသီဥတုပြောင်းလဲမှု
အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေး

အခွင့်အလမ်းနည်းပါးသူများနှင့် ဘေးအန္တရာယ်ဖြစ်ပါက ထိခိုက်လွယ်သူများကို အထူးထည့်သွင်းစဉ်းစား၍S 4 R L D သည် ကျွမ်းကျင်မှု မြှင့်တင်ရေးနှင့်ပညာရေးကို အကျိုးဆောင်ပေးခြင်း၊ ကျေးလက်လူငယ်အမျိုးသားနှင့် အမျိုးသမီးများအတွက် စိုက်ပျိုးရေးကိုအခြေခံသော အသက်မွေးဝမ်းကျောင်းနှင့် လယ်ယာမြေပြင်ပ အသက်မွေးဝမ်းကျောင်းခြင်းနည်းလမ်းများဆိုင်ရာ အသိပညာတည်ဆောက်ရေးကို အားပေးမြှင့်တင်ခြင်းတို့အားဖြင့် ကျေးလက်စီးပွားရေးဖွံ့ဖြိုးလာအောင် အထူးအလေးပေးဆောင်ရွက်သည်။

အုပ်ချုပ်ရေးနှင့်ငြိမ်းချမ်းရေးကို ထည့်သွင်းအကောင်အထည်ဖော်ခြင်းဖြင့် တုန့်ပြန်နိုင်စွမ်းရှိပြီး ယုံကြည်အားထားနိုင်သည့် အရည်အသွေးမြင့်ဝန်ဆောင်မှုများကို အားပေးမြှင့်တင်နိုင်ရန်လည်းကောင်း ရပ်ရွာအသိုင်းအဝိုင်းများမှ ဘေးအန္တရာယ်ကျရောက်လာပါက ခံနိုင်ရည်စွမ်းအားရှိစေရန်လည်းကောင်း ရည်ရွယ်သည်။ ထိုသို့ဖြင့် ပိုမိုမှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် အကျိုးသက်ရောက်မှုများ ရရှိစေဖို့ မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ရန်နှင့် မိမိကိုယ်တိုင်မိမိစီစဉ်နိုင်လာစေရန် ပိုမိုအရည်အချင်း ပြည့်စုံလာမည်ဖြစ်သည်။

ဟယ်လ်ဗီတာ့စ်သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေသည့် ဦးစားပေးနယ်ပယ်သုံးခုကို ထည့်သွင်းအကောင်အထည်ဖော်ပါသည်-

***လူမှုဘဝနှင့် ကျား-မ တန်းတူညီမျှရေး (GSE)***ကို စီမံကိန်းတစ်ခုလုံးတွင် မတူကွဲ ပြားသည့်သက်ဆိုင်သူအမျိုးမျိုးနှင့် ပူးပေါင်း၍ မြှင့်တင်ပေးပါသည်။ အခွင့်အလမ်းနည်းပါးသူ အုပ်စုများ၏အသံနှင့်ရွေးချယ်မှုကို နည်းလမ်းမျိုးစုံဖြင့် မြှင့်တင်ပေးမည်ဖြစ်ပြီး ယင်းနည်းလမ်းများထဲတွင် ဘုံအကျိုးရှိသည့်ခေါင်းစဉ်များ ရှာဖွေဖော်ထုတ်ပြီး သက်ရှယ်ဆင့်တူ အသိပညာဖလှယ်ခြင်းနှင့် ပူးတွဲဦးတည်အုပ်စုတွင်းအသိပညာဖလှယ်ခြင်း၊ လူနေမှုဘဝစိန်ခေါ်ချက်များကို အကဲဖြတ်ဖို့ရန် စံနှုန်းများနှင့်ဦးစားပေးချက်များ ပူးတွဲသတ်မှတ်ခြင်း၊ မျှဝေထားသည့် အသိအမှတ်ပြုပြီးဖြေရှင်းချက်အမျိုးမျိုးကို အများပါဝင်ခြုံငုံမှုရှိသည့် ရပ်ရွာလူထုပဲ့ကိုင်ဦးဆောင်သော မဟာဗျူဟာများနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များမှတစ်ဆင့် အကောင်အထည်ဖော်ခြင်းတို့ ပါဝင်သည်။

***လေ့လာသင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း*** ဒေသခံတို့၏ ရိုးရင်းစွဲ အသိပညာဗဟုသုတ၊ တစ်ဦးချင်းနှင့် ရပ်ရွာလူထု၏ အမူအကျင့်ကောင်းတို့ကို အစပြု၍ ဆန်းသစ်သော အတွေးအခေါ် နည်းပညာများဖြင့် ရပ်ရွာလူထုများထဲမှ စံပြတောင်သူများ၊ လယ်ယာကျွမ်းကျင်သူများ၊ သက်ရှယ်ဆင့်တူအသိပညာပေးသူများ၏ အကူအညီဖြင့် ကောင်းကျိုးရလဒ်များနှင့် လူမှုဘဝစားဝတ်နေရေးအပေါ် သက်ရောက်မှုများကို တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

***စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိတ်ဖက်ဖွဲ့ခြင်း*** အဓိက သက်ဆိုင်သူများနှင့် စီမံကိန်း အကောင်အထည်ဖော်ရာတွင် မိတ်ဖက်လုပ်ကိုင်သူများသည် အမျိုးမျိုးသော လုပ်ငန်းများကို တက်ကြွစွာ ပါဝင်နိုင်စေရန် အကူအညီပေးမည်ဖြစ်သလို ဦးဆောင်လာနိုင်စေရန်လည်း ထောက်ပံ့ကူညီသွားမည်ဖြစ်သည်။ ၎င်းတို့၏ အရည်အချင်းမြှင့်တင်ပေးခြင်း၊ ယုံကြည်မှု တည်ဆောက်ခြင်း၊ ယုံကြည်အားထားနိုင်လာအောင် ကူညီပေးခြင်းတို့ကို လက်ရှိရပ်ရွာထဲတွင် ရှိနှင့်ပြီးဖြစ်သော ကိုင်တွယ်ဖြေရှင်းနည်းများနှင့် ရွာသူရွာသားများအကြားရှိ ရင်းနှီးမှုနှင့် ဆက်ဆံရေးတို့အပေါ်တွင် တည်ဆောက်ခြင်း၊ ကွဲပြားခြားနားသော နယ်ပယ်ကဏ္ဍများမှ လိုအပ်ချက်များ၊ ဦးစားပေးချက်များ၊ တွဲဖက်လုပ်မည့်သူများနှင့် ဝန်ဆောင်မှု ပေးမည့်သူများအကြောင်း ပူးတွဲဖော်ထုတ်စီစဉ်ရေးကို အကျိုးဆောင်ပေးခြင်း၊ ယင်းသို့အားဖြင့် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် ဝန်ဆောင်မှုများရယူနိုင်ရန်၊ အခြေအနေပေးပါကလည်း ဝန်ဆောင်မှုများပေးနိုင်ရန်၊ ဆက်စပ်မှုများ၊ အဆက်အသွယ်များ၊ ရင်းမြစ်များရရှိသွားစေရန် လုပ်ဆောင်သွားမည်ဖြစ်သည်။




## စီမံကိန်း ဦးတည်ချက်

အသက် ၁၅ နှစ်နှင့် ၃၅ နှစ်ကြား ကျေးလက်နေလူငယ်များမှ စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လယ်ယာပြင်ပကျွမ်းကျင်မှုများအတွက်လည်းကောင်း ဝင်ငွေတိုးပွားရေးအတွက်လည်းကောင်း နည်းလမ်းအမျိုးမျိုးအသုံးချနိုင်ရေး။ တစ်ဖက်မှလည်းကျေးလက်နေလူထုများအနေဖြင့် လူနေမှုဘဝ တိုးတက်ရေးအတွက် အများပါဝင်မှုရှိရှိ၊ ကိုယ်တိုင်ဆောင်ရွက်မှုရှိရှိဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျင့်သုံးနိုင်ရေး။

## အဓိကဦးတည်ချက်များ

၁။ စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လယ်ယာပြင်ပကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးအတွက် ရွေးချယ်နိုင်သည့် အခွင့်အလမ်းများကို စမ်းသပ်ပြီး အားပေးမြှင့်တင်ကာ လက်တွေ့အသုံးချ၍ ဝင်ငွေ တိုးပွားရေး၌ အကျိုးပြုရေး

၂။ ဒေသခံအစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်း ဝန်ဆောင်မှုပေးသူများသည် တုန့်ပြန်မှုရှိပြီး အများပါဝင်နိုင်ကာ တောင်းဆိုမှုကို ဖြည့်ဆည်းနိုင်သည့် ပိုမိုအရည် အချင်းပြည့်ဝသော ဝန်ဆောင်မှုများပေးစွမ်းနိုင်ရေး

၃။ ကျေးလက်ရပ်ရွာအသိုင်းအဝိုင်းများသည် မိမိတို့၏လိုအပ်ချက်များနှင့် မိမိတို့ရပ်ရွာလူထုဖွံ့ဖြိုးရေးစီမံကိန်းများ အထမြောက်စေရေးအတွက် မိမိတို့ကိုယ်တိုင်အောင်မြင်စွာစည်းရုံးလှုံ့ဆော်နိုင်စွမ်းရှိရေး

## မျှော်မှန်းသည့်ရလဒ်များ

၁။ အမျိုးသမီး အနည်းဆုံး ၃၀%နှင့် အခွင့်အလမ်းနည်းပါးသူ အနည်းဆုံး ၂၀% ပါဝင်သည့် ကျေးလက်နေ လူငယ် အမျိုးသမီးနှင့် အမျိုးသား အနည်းဆုံး အယောက်၂၀၀၀ ပါဝင်သည့် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ထားသည့် စိုက်ပျိုးရေးထုတ်လုပ်မှု၊ ရိတ်သိမ်းခြင်း/ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရှာဖွေ ရောင်းချခြင်းတို့မှ အပိုဝင်ငွေ သို့မဟုတ် ဝင်ငွေသစ် ရရှိခြင်း

၂။ ကုန်ထုတ်လုပ်ရေးအဖွဲ့များနှင့် လုပ်ငန်းတွဲဖက်ချိတ်ဆက်မှုများအဖြစ် အစိုးရဌာန ဆိုင်ရာ အနည်းဆုံး ၄ ခုနှင့် ချိတ်ဆက်ခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင် အနည်းဆုံး ၄ ခုတို့ဖြင့်ချိတ်ဆက်၍ ဝန်ဆောင်မှုများရရှိမှု ပိုမိုကောင်းမွန်လာခြင်း၊ ရပ်ရွာလူထု အဖွဲ့များအတွက် ဝင်ငွေတိုး တက်လာခြင်း

၃။ ရပ်ရွာလူထုဖွံ့ဖြိုးရေးစီမံချက်ဆွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဝန်ဆောင်မှုများပေးခြင်းတို့တွင် အများပိုမိုပါဝင်မှုရှိသည့် ချဉ်းကပ်နည်းများကျင့်သုံးရာ၌ ဖြစ်စဉ်လေ့လာချက် အနည်းဆုံး ၅ ခုဖြင့် အကျိုးစီးပွားပတ်သက်သူများ၏ အလေ့အကျင့်ကောင်းများဖြင့် သက်သေပြခြင်း

## အဓိကလုပ်ငန်းများ

- လယ်ယာလုပ်ငန်းဆိုင်ရာအရည်အချင်းဖွံ့ဖြိုးရေးလုပ်ရှားမှုများမှာ စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်နေသည့် တောင်သူလူငယ် အမျိုးသားအမျိုးသမီးများနှင့် မြေယာမဲ့ပြည်သူများသို့ ရည်ရွယ်သည်
- လယ်ယာပြင်ပအရည်အချင်းဖွံ့ဖြိုးရေးလုပ်ရှားမှုများမှာ ဒေသခံအငယ်စားစီးပွားရေး လုပ်ငန်းများနှင့် အထူးသဖြင့် ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်နေသည့် လူငယ်အမျိုးသားအမျိုးသမီးများသို့ ရည်ရွယ်သည်
- ရပ်ရွာလူထုစည်းရုံးဖွဲ့စည်းပုံနှင့် ကောင်းမွန်သောအုပ်ချုပ်မှု
- အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ အရည်အချင်းမြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော မိတ်ဖက်ဖွဲ့စည်းလုပ်ကိုင်ခြင်း
- အကျိုးစီးပွားတူ သက်ဆိုင်သူများအကြား မျှဝေဖလှယ်ရေးနှင့် စေ့စပ်ဆွေးနွေးရေး
- ပြင်ပအတွေ့အကြုံရရှိရေးခရီးစဉ်များ
- ဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းငယ်စီမံခန့်ခွဲရေး

**ရုပ်ပုံသည် အကောင်အထည်ဖော်မည့် စီမံကိန်း မဟာဗျူဟာအဆင့်ဆင့်ကို ဖော်ပြပါသည်**

## ယခုအချိန်ထိ အောင်မြင်ဖြစ်ထွန်းမှုများ

- မင်းလှမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာအား ဦးတည်ရွေးချယ်ခဲ့
- စီမံကိန်းတစ်ခုလုံးအား ဦးတည်ထားသော အဖွဲ့ဝင် ၅၀% ကျော်ကို တိုက်ရိုက်ထိတွေ့ခဲ့ပြီး လက်ရှိ ပါဝင်ဆောင်ရွက်နေပြီဖြစ်
- စီမံကိန်းတွင်ပါဝင်သူများ၏ ၄၀%ကျော်မှာ အမျိုးသမီးများဖြစ်နေ၍ အနည်းဆုံး၃၀% အခြေခံသတ်မှတ်ချက်ကိုကျော်လွန်
- ဦးတည်ထားသော ကျေးရွာတစ်ရွာလျှင် စံပြတောင်သူ ၅ဦး စီဖော်ထုတ်သတ်မှတ်စုစည်းခဲ့၍ စုစုပေါင်း စံပြတောင်သူ ၅၀ ရရှိ
- အခြေခံ သင်တန်းဆရာဖြစ်သင်တန်းများပေးခဲ့၊ စံပြတောင်သူ ၅၀ တွင် အမျိုးသမီး ၅၀% ပါဝင်
- အခြေခံမြေဆီလွှာထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့နိုင်သည့် စိုက်ပျိုးရေး သင်တန်းများ၊ အော်ဂဲနစ်နည်းလမ်းများနှင့် ပိုးသတ်ဆေးအန္တရာယ်အသိပညာမြှင့်တင်ရေးတို့လည်းပါဝင်
- လက်တွေ့သရုပ်ပြစံပြစိုက်ကွင်းများ စမ်းသပ်စိုက်ပျိုး
- စံပြတောင်သူများစီစဉ်သည့် အသိပညာမျှဝေပွဲများက ထုတ်လုပ်သူအမျိုးသား၆၂၀နှင့် အမျိုးသမီး၅၄၂ဦးတို့ကို အကျိုးဖြစ်ထွန်းစေခဲ့၊ စီမံကိန်းပြင်ပမှ ထုတ်လုပ်သူများကလည်း စိတ်ဝင်စားမှုပြပြီး တဆင့်ခံလေ့လာရရှိချက်ကို ၎င်းတို့၏ လယ်ယာတွင် အသုံးချရာမှ ကနဦးအကျိုး အမြတ်များ ပေါ်ထွက်နေ
- ရိတ်သိမ်းပြီးချိန်သင်တန်းမိတ်ဆက်ကို အားပေးထောက်ခံ
- အခြေခံနှင့် မွမ်းမံ စက်ချုပ်နှင့် ယက်ကန်းသင်တန်းများက လူငယ်အမျိုးသမီး ၄၄ ဦးကို အကျိုးဖြစ်ထွန်းစေ
- ကျေးရွာအခြေစိုက် အဝတ်ချုပ်ဆိုင်များ ဖွင့်လှစ်ခြင်းဖြင့် ပထမပတ်သင်တန်းဆင်းများ ဝင်ငွေတိုးပွားရေး အကျိုး ဖြစ်နေ
- ကျေးရွာအခြေစိုက် ဝင်ငွေရလမ်း'အသစ်များ'ပေါ် အခြေခံသည့် ရွှေ့ပြောင်းရေးရွေးချယ်မှုအပြောင်းအလဲ ရေ့ပြေး လက္ခဏာများ ပေါ်ထွက်
- အုပ်စုဖွဲ့စည်းမှု၊ အများပါဝင်သည့်ခေါင်းဆောင်မှုနှင့် ပါဝင်ခွင့်ရှိသည့်ဆုံးဖြတ်ချက်ချရေးသင်တန်း
- အမျိုးသမီး ၂၀၊ အမျိုးသား ၁၀ ဦးပါဝင်သည့် သက်ရွယ်ဆင့်တူပညာပေးသူများကို သင်တန်းပေးခဲ့ပြီး အခြားသူများအား အသိပညာများ စတင်မျှဝေလျက်ရှိ
- ကျား-မ ခွဲခြားမှု၊ ကလေးအခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ အခြေခံကျန်းမာရေးနှင့် အာဟာရ၊ လုံခြုံစိတ်ချရသော ဘေးအန္တရာယ်ကင်းသည့် ရွှေ့ပြောင်းသွားလာမှု၊ HIV/ AIDS ၊ လူကုန်ကူးမှုအန္တရာယ်များအကြောင်း သက်ရွယ်ဆင့်တူပညာပေးမှု များစီစဉ်ခဲ့
- တောင်သူများအချင်းချင်းသင်တန်းပေးခြင်း စီစဉ်ခဲ့ပြီး ကျေးရွာများ အကြားကွန်ယက်ချိတ်ဆက်မှု တိုးမြှင့်ခဲ့
- မျှတသည့်ကန်ထရိုက်စာချုပ်စနစ်အကြောင်း မိတ်ဆက်သင်တန်းများပေးခြင်း
- နိုင်ငံသားပါဝင်ရေးနှင့် နိုင်ငံသားတို့အတွက်သက်ဆိုင်သည့် မူဝါဒအသိမြှင့်တင်ရေးသင်တန်းကို အားပေးခဲ့
- ရွှေ့ပြောင်းစာကြည့်တိုက်နှင့် ကျေးရွာအခြေစိုက်စာကြည့်တိုက်များပေါ်ပေါက်လာစေရေးအတွက် အားပေးခဲ့၊ သတင်းစာအဟောင်းများ ပြန်လည်အသုံးချသည့် အလေ့အကျင့်ကို အားပေးခဲ့
- ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များနှင့် ပထမဆုံး အချိတ်အဆက်များနှင့် ကနဦးထိတွေ့မှုများတို့ကို ထူထောင်ခဲ့